# ဝဏ္ဏသိဒ္ဓိရေကူးကန်တွင်

# နွေရာသီအခြေခံရေကူးသင်တန်းများ ဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီ အခြေခံရေကူးသင်တန်းများအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) နှင့် (၂ /၂၀၂၅)တို့အား သင်တန်းအမှတ်စဉ်(၁)ခု လျှင် သင်တန်းချိန်(၂)ချိန်ဖြင့် သင်တန်းသား(၂၀၀)ဦး၊ သင်တန်းကာလ(၄)ပတ်၊ တစ်ပတ်လျှင်(၅)ရက်ဖြင့် နံနက်ပိုင်းအချိန်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမှတ်စဉ် ၁/၂၀၂၅ အား ၁၀–၃–၂၀၂၅ ရက်နေ့မှ ၄–၄ –၂၀၂၅ ရက်နေ့အထိလည်းကောင်း၊ သင်တန်းအမှတ်စဉ် ၂/၂၀၂၅ အား ၂၈– ၄–၂၀၂၅ ရက်နေ့မှ ၂၃– ၅ –၂၀၂၅ ရက်နေ့အထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းအား အတွေ့အကြုံရှိ ကျွမ်းကျင်နည်းပြများဖြင့် စနစ်တကျ သင်ကြား ပေးသွားမည်ဖြစ်ပါသည်။

သင်တန်းကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ်( ၇၀,၀၀၀/–)နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက အနိမ့်ဆုံး အသက်(၉)နှစ်နှင့် အရပ် (၄ပေ ၆လက်မ)ရှိရမည်ဖြစ်ပြီး သင်တန်းသား တစ်ဦးလျှင် ဝင်ခွင့်လျှောက်လွှာပုံစံ၊ ဓာတ်ပုံ(၁)ပုံ၊ ဓာတ်ပုံပါ Soft Copy CD(၁) ချပ်နှင့်အတူ (၃–၃–၂၀၂၅) ရက်နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဝဏ္ဏသိဒ္ဓိရေကူးကန် ဖုန်းနံပါတ်–၀၉–၄၀၀၁၆၄၂၁၅၇၊ ၀၉–၄၄၀၆၃၉၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

"အရေးကြုံက
သက်လုံလည်းကောင်း
အညောင်းလည်းပြေ
ကိုယ်ဟန်လည်းလှ ရေကူးကြ"